# မင်းမြတ်သူရ

## ဂျမဒါမင်းထင် နှင့် သေမင်းတမန်



## အခန်း(၁)

တစ်နေ့သ၌ ထောင်မှထွက်လာသော အသက်သုံးဆယ်ကျော် လူတစ်ယောက် ပူပြင်းသောနေရောင်ကြောင့် တောင်နှင့် မလှမ်းမကမ်းရှိ သစ်ကိုင်းအောက်၌ ခဏနားပြီး ရေစင်မှရေကို နှစ်ခွက်ဆင့် သောက်လိုက်လေ၏။

ထိုအခိုက်မှာပင် သူ၏ နောက်သို့ တစ်စုံတစ်ဦး ရောက်ရှိလာပြီး

" ရေကို နှစ်ခွက်ဆင့်ပြီးသောက်လိုက်တယ်ဆိုတော့ ဂျမဒါ ရင်တွေသိပ်ပူနေပြီ ထင်တယ်၊ ဒီအချိန်မှာ သော့တံဆိပ် ဘီယာနဲ့ တူတံဆိပ် ချိုတစ်တုံးလောက် စားလိုက်ရရင် ဘယ်လောက်ကောင်းမလဲဗျာ"

ဟူသော အသံကို ကြားလိုက်ရသဖြင့် ထောင်မှထွက်လာသူသည် အနောက်သို့ လှည့်ကြည့်လိုက်ပြီး အလွန်အံ့ဩသော အမူအရာဖြင့်

"ရွှေမန်း ရွှေမန်းလား ...၊ ဒီလိုနေ့မျိုးမှာ တိုက်တိုက်ဆိုင်ဆိုင် မင်းနဲ့တွေ့ရတာ ဂမ်းသာလိုက်တာကွာ၊ မင်း ငါလွတ်မယ်ဆိုတာသိလို့ လာပြီးစောင့်နေတာပေ့ါ"

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ရွှေမန်းဆိုသူက ရယ်မော၍

"သိပ်ဟုတ်တာပေ့ါ ဂျမဒါရယ်၊ ဂျမဒါလွတ်မဲ့ရက်ကို စုံစမ်းပြီး အရောက်လာခဲ့တာပေ့ါ၊ ဒါကြောင့် ဂျမဒါကို ဧည့်ခံဖို့တောင် စီစဉ်ခဲ့တယ်"

ဟု ဆိုကာ နေရိပ်အောက်၌ ရပ်ထားသော ဂျစ်ကားရှိရာသို့ လျှောက်လှမ်းသွားလေ၏။

ပြီးနောက် ရေခဲဘူးနှင့် အသင့်ဆောင်ယူလာသော သော့တံဆိပ်ဘီယာဘူးနှင့် တူတံဆိပ် ချိခဲများကို လင်ဗန်းဖြင့်ထည့်ပြီး ယူဆောင်လာလေ၏။

ထောင်မှထွက်လာသောလူသည် ရွှေမန်းဆိုသူ ယူဆောင်လာသော ဘီယာဘူးများကိုကြည့်၍

"ဟိုက် ... သော့တံဆိပ်ဘီယာနဲ့ တူတံဆိပ်ချိခဲ့တွေပါလား၊ ဒီအချိန်မျိုးမှာတော့ ဒါတွေဟာ နတ်သုဒ္ဓါပဲကွ၊ မင်းကို ကျေးဇူးတင်တယ် ရွှေမန်း"

ဟု ပြောကာ ဘီယာဘူးနှစ်ဘူးကို တစ်ဘူးပြီးတစ်ဘူး ဖောက်၍ သောက်ကာ ချိခဲများကို ဝါးစားလိုက်လေ၏။

ပြီးနောက် ထောင်ထွက်လူက

"ကောင်းလိုက်တာကွာ၊ ဘီယာနဲ့ချိနဲ့ ဝေးနေတာ ကြာပြီကွ"

ဟု ဆိုလိုက်ရာ ရွှေမန်းဆိုသူက ထောင်ထွက်သူ ထောင်ထွက်လူ၏ အမူအရာကို သဘောကျဟန်ဖြင့် ကြည့်၍

" ဟား ဟား ဟား ... ဂျမဒါတော့ နွားငတ်ရေကျ ဖြစ်နေပြီး ထင်တယ်။ ကျုပ်တို့ ဟိုတယ်တစ်ခုခုကိုသွားပြီး အေးအေးဆေးဆေး စားကြသောက်ကြရအောင်၊ ဂျမဒါအားပေါ်တက်ပေတော့ "

ဟု ဆိုလိုက်ရာ ထောင်ထွက်လူသည် ရွှေမန်းဆိုသူ၏ ဂျစ်ကားကိုကြည့်၍

"ကားတွေ ဘာတွေနဲ့ပါလားကွ၊ မင်း အတော်ကြီးပွားနေပြီး"

ဟု ဆိုလိုက်ရာ ရွှေမန်းဆိုသူသည် သဘောကျဟန်ဖြင့် ရယ်မော၍ ဂျစ်ကားကို စက်နှိုးရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် ၄င်းတို့အားအရှေ့သို့ အော်စတင်ကားလေး

တစ်စီးထိုးရပ်လာပြီး ကားပေါ်မှ အသက်သုံးဆယ်ဝန်းကျင် မိန်းမလှတစ်ယောက် ဆင်းလာ၏။

ရွှေမန်းသည် ဂျစ်ကားပေါ်မှမဆင်းဘဲ မိန်းမလှ၏ မျက်နှာကို ကြည့်၍

"ငါ့ ကားကိုပိတ်ရပ်တာ ဘာသဘောလဲ"

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ မိန်းမလှက ဆင်စွယ်ရိုးတပ် စီးကရက်စွပ်တံ တပ်ထားသော စီးကရက်ကို လှပစွာ ဖွာရှိုက်လိုက်ပြီး

"အိပ်ချင်ယောက်ဆောင်တဲ့သူဟာ နှိုးရခက်တယ်၊ ရှင် မနေ့ညက ဘာလုပ်သွားသလဲ၊ ရှင်ကြောင့် ကျွန်မ ငွေတွေ အများကြီး ဆုံးသွားခဲ့တယ်၊ ဒါကြောင့် ရှင့်ကို ဆုံးမဖို့ လာခဲ့တာပဲ"

ဟု ပြောလိုက်ရာ သူမ၏ စကားဆုံးသည်နှင့် ကားထဲမှ ရုပ်ရည်ကြမ်းတမ်းသော လူလေးယောက် ထွက်ပေါ်လာ၏။

၄င်းတို့၏ လက်ထဲ၌ ဓားမြှောင်ကိုယ်စီ ကိုင်ဆွဲထားကြ၏။ ရွှေမန်းက သက်ပြင်းချ၍

"ငါ့အလုပ်ကို ငါလုပ်တာ၊ မင်းတို့က ဆုံးမ မလို့လားကွ၊ ကမ္ဘာပေါ်မှာ ငါ့ကို ဆုံးမနိုင်တဲ့လူ မမွေးသေးဘူးကွ"

ဟု ပြောလိုက်ရာ ၄င်း၏ စကားကို နားထောင်နေသော ထောင်ထွက်လူက ရွှေမန်းအား။

"ဟေ့ကောင်"

ဟု လှမ်းဟန့်လိုက်၏။

ထိုအခါ ရွှေမန်းက အနောက်သို့လှည့်ကြည့်၍ တစ်စုံတစ်ရာကို

သတိရဟန်ဖြင့်

“ဟား ... မှားလို့ မှားလို့၊ ဟောဒီက ငါ့ဆရာကလွဲရင် ငါ့ကို ဆုံးနိုင်တဲ့လူ မမွေးသေးဘူး၊ မင်းတို့က ငါ့ကို ဆုံးမချင်လိုလား၊ ဒါဆိုရင်လဲ အပျင်းပြေ ချလိုက်ကြရအောင်”

“ဂျမဒါ ခဏနော်၊ အရုပ်လေးတွေ ရှင်းလိုက်ဦးမယ်”

ဟု ဆိုကာ ကားပေါ်မှဆင်းသွားလေ၏။ ရွှေမန်း မြေကွက်လပ်သို့ရောက်သောအခါ လက်နက်ကိုင်လူလေးယောက်သည် ရွှေမန်းကို ဝိုင်းရံလိုက်လေ၏။

ရွှေမန်းက ထိုသူကို မထီလေးစားကြည့်၍

“မြန်မြန်လာကြကွာ၊ အချိန်မရှိဘူးကွ၊ ဘယ်လိုလာလာ မင်းတို့ရှုံးမှပဲ”

ဟု မထီလေးစား ပြောလိုက်ရာ လက်နက်ကိုင် လူလေးယောက်သည် မခံချင်ဖြစ်သွားပြီး ရွှေမန်းကို ဝိုင်းဝန်းတိုက်ခိုက်ကြလေ၏။

ရွှေမန်းသည် လူတစ်ဦး၏ ဓားကိုင်လက်ကို ချုပ်ကိုင်၍ ကိုင်ပေါက်ပစ်လိုက်၏။

ရန်သူသည် ဓားတခြား လူတခြားဖြစ်ပြီး ပြန်မထလာနိုင်တော့။ ကျန်လူတစ်ယောက်၏ ပေါက် ကြားကို ခြေဖြင့် တအားဆောင့်ကန်၏။

ကျန်သူ၏ ဓားကိုရှောင်၍ ကုတ်ကိုဆွဲပြီး ဒူးဖြင့်တိုက်၏။ ကျန်သူတစ်ဦး၏ ဓားကို နောက်သို့ရောက်၍ ရှောင်တိမ်း၏။ ရန်သူက ဓားဖြင့် ဝှေ့ကာဝိုက်ကာ ထိုး၏။

နောက်ဆုံး ရွှေမန်းသည် ရန်သူများကို တိုက်ခိုက်လိုက်ပြီး ထောင်ထွက် လူဘက်သို့လှည့်ကာ

“ဘယ်လိုလဲ ဂျမဒါ၊ ကျုပ်ရဲ့လက်တွေ မကျသေးဘူး မဟုတ်လား”

ဟု မေးမြန်လိုက်၏။ ထောင်ထွက်လူက ခေါင်းခါယမ်း၍

“ကျနေပြီကွ၊ တိုက်ခိုက်တာ သပ်သပ်ရပ်ရပ် မရှိဘူး၊ မင်းအရင်တုန်းက ဒီထက်အများကြီးမြန်တယ်၊ တိလည်း တိကျတယ်”

ဟု ပြောလိုက်လေ၏။ ရွှေမန်းသည် မျက်စိမျက်နှာပျက်ပြီ မကျေမချမ်းဖြစ်နေသော မိန်းမလှထံသို့ လျှောက်လှမ်းသွားပြီး

“ကျုပ်အသက်ကို လုပ်ကြံတဲ့အတွက် ခင်ဗျားကို အပြစ် နည်းနည်း ပြန်ပေးရမယ်”

ဟု ဆိုကာ မိန်းမလှ၏ ပါးကို ရွှတ်ခနဲ ဖက်နမ်းလိုက်လေ၏။

မိန်းမလှသည် ရွှေမန်း၏ အပြုအမူကြောင့် ရှက်ကိုးရှက်ကန်ဖြစ်ပြီး ပါးကို လှမ်းရိုက်လိုက်၏။

ရွှေမန်းက သူမ၏ လက်ကို ဖမ်းချုပ်ထားလိုက်ပြီး

“ဒါတော့သည်းခံပါ၊ အမေမွေးတဲ့နေ့ကစပြီး ကျုပ်ပါးကို ဘယ်မိန်းမမှ မချဖူးဘူးဗျာ၊ ခင်ဗျားမကျေနပ်ရင် ကျုပ်ပါးကို ပြန်နမ်းနိုင်ပါတယ်”

ဟု ပြောပြီး ဂျစ်ကားဆီသို့ ပြန်လည်လျှောက်လှမ်းလာလေ၏။ ပြီးနောက် ကားစက်ကို ဂျူးခနဲနှိုး ပြီး ထိုနေရာမှ မောင်းထွက်ခဲ့လေ၏။

လမ်း၌ ထောင်ထွက်လူက

“မင်း ဘာတွေလုပ်နေသလဲ၊ မင်းကို မြင်မြင်ချင်း အရှုပ်က စတာပဲ”

ဟု ပြောလိုက်ရာ ရွှေမန်းဆိုသူက ရယ်မော၍

“ဒီမိန်းမက တရုတ်မောင်ကြိုင်ရဲ့ မယားငယ်ပေ့ါ၊ ရန်ကုန်မြို့မှာ မိန်းမတန်မဲ့ လောင်းကစား အကြီးကျယ်လုပ်တယ်၊ လွန်ခဲ့တဲ့ ညက မယ်လမုဘုရားပွဲမှာ လက်ဖွေ့တက်ထိုးတယ်၊ ကျုပ် မထိုးခင် ကျုပ်ကို

ငွေစက္ကူတစ်ထပ်လာပေးပြီးတော့ ပွဲကို အရှုံးပေးဖို့ ပြောလိုက်တယ်၊ ကျုပ်ကတော့ လက်ငေ့သမားစစ်စစ်ပဲ၊ သူတို့ စကားကို ဘာလို့နားထောင်ရမှာလဲ”

ဟု ပြောလိုက်ရာ ထောင်ထွက်လူက သက်ပြင်းချ၍

“ သူတို့ပေးတဲ့ပိုက်ဆံကိုတော့ မင်းယူလိုက်တယ် မဟုတ်လား”

ဟု မေးမြန်းလိုက်ရာ ရွှေမန်းက ရယ်မော၍

“ကျုပ် ကောင်မလေးတွေနဲ့သုံးတာ လက်လွန်သွားပြီး ကျုပ်ကို စေတနာနဲ့ လာပေးတဲ့ ပိုက်ဆံကို ကျုပ်မယူဘဲနေရင် ကျုပ်လောက် ညံ့ဖျင်းတဲ့လူ ဘယ်သူရှိပါ့မလဲ”

ဟု ပြောလိုက်လေ၏။ ထောင်ထွက်လူက ခေါင်ခါယမ်း၍

“မင်းအကျင့်ဆိုးတွေကို ပြင်ဖို့ကောင်းပြီ၊ ဒီလိုသာ ဆက်ပြီးလုပ်နေရင် မင်း သက်ဆိုးရှည်မှာ မဟုတ်ဘူး၊ ဒီမှာ ရွှေမန်း၊ လူတစ်ယောက်မှာ ဘယ်လောက်အရည်အချင်းရှိရှိ ကံကြမ္မာက အမြဲတမ်း ကောင်းမနေဘူးကွ၊ ကံဆိုးတဲ့တစ်နေ့ မင်း သေမှာပဲ”

ဟု ပြောလိုက်လေ၏။

ထောင်ထွက်လူသည် ဂျစ်ကားပေါ်၌ မျက်လုံးမှိတ်၍ လိုက်ပါလာလေ၏ ။ သူသည် မျက်လုံးမှိတ်ရင်း အတိတ်ဇာတ် အကြောင်းကို ပြန်လည်မြင်ယောင်လာ၏ ။

လွန်ခဲ့သောငါးနှစ်က စစ်မြေပြင်၌ ဂျမဒါတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်၏ ။ မိမိ စစ်မှုထမ်းခဲ့စဉ် ရွှေမန်းသည် မိမိလက်အောက်၌ ထူးချွန်သော စစ်သားတစ်ယောက် ဖြစ်ခဲ့၏ ။

မိမိတို့နှစ်ယောက်လက်တွဲ၍ သဲကန္တာရ၌ ဗက်ဒိုးအင်းများကို မြန်မာ့သတ္တိပြခဲ့ဖူး၏ ။ မိမိတို့ မြန်မာတပ်စုကလေးသည် သဲကန္တာရဘုရင်

ဗက်ဒိုးအင်းများနှင့် တိုက်ပွဲများစွာ ဆင်နွှဲခဲ့ဖူး၏။

ထိုတိုက်ပွဲများကို ဦးဆောင်ခဲ့သဖြင့် ဗြိတိသျှအရာရှိများကြား၌ ဂျမဒါမင်းထင်ဟူသော အမည်သည် ထင်းရှားခဲ့၏။

သူသည် မက်ဆိုပိုတေးမီးယားမှ ပြန်လာပြီးနောက် ဗြိတိသျှ ဗိုလ်မှူးတစ်ဦးကို ပဲခူးကလပ်သို့ လိုက်လံပို့ဆောင်ရာမှ ရန်ပွဲတစ်ခု ဖြစ်ပွားခဲ့၏။

ထိုရန်ပွဲမှာ အမျိုးကောင်းသမီးတစ်ယောက်ကို ကူညီရာမှ ဖြစ်ပွားခဲ့သော ရန်ပွဲဖြစ်၏။

ဗြိတိသျှ ဗိုလ်ကြီးတစ်ဦးသည် ပဲခူးကလပ်၌ မြန်မာမုန့်လုပ်သူ မိန်းကလေးတစ်ဦးအား စော်ကားသောကြောင့် ၎င်းအား လက်သီးဖြင့် ထိုး၍ ဆုံးမခဲ့၏။

ထိုအမှုကြောင့် စစ်တပ်မှ ထုတ်ပယ်ခဲ့ရပြီး ထောင် (၃) နှစ် ကျခံခဲ့ရ၏။

ထိုအခိုက်မှာပင် ကားမောင်းနေသော ရွှေမန်းက ဂျမဒါ မင်းထင်ဘက်သို့လှည့်၍

“မင်းက ဘယ်မှာနေတာလဲ”

ဟု မေးမြန်းလိုက်ရာ ရွှေမန်းက ရယ်မော၍

“ကျုပ်က မဂိုကုလားမလေးတစ်ယောက်ရဲ့ တိုက်ခန်းမှာ ကပ်နေတယ် ကောင်မလေးက မြို့ထဲမှာ”

ဟု ပြောလိုက်လေ၏။

ပြီးနောက်တွင်မူ ရွှေမန်းသည် ရန်ကုန်မြို့ထဲရှိ တိုက်တစ်လုံးရှေ့၌ ကားကို ရပ်လိုက်လေ၏။

ပြီးနောက် သုံးထပ်ရှိ တိုက်ခန်းသို့ခေါ်ဆောင်သွားပြီ တံခါးကို

ဖွင့်ပေးလိုက်လေ၏။ ထိုအခန်းထဲ၌ အိမ်ထောင်ပရိဘောဂများ အပြည့်အစုံ ရှိလေ၏။

ရွှေမန်းသည် အခန်းကိုပြသပြီးနောက်

"ဒီအခန်းထဲမှာ ဂျမဒါအတွက် သောက်စရာ အစုံအလင် ထည့်ပေးထားတယ်၊ တစ်ရက် နှစ်ရက်နေရင် ဂျမဒါကို ဆက်သွယ်လိုက်မယ်၊ ဒီအခန်းထဲမှာ ဖုန်းရှိတယ်၊ ဂျမဒါ အစားအသောက် အတွက်တော့ ဒီအနားက ထမင်းဆိုင်က ဂျမဒါအတွက် မနက်ည ပို့ပေးလိမ့်မယ်၊ နောက်ပြီးတော့ ဂျမဒါ သုံးချင်ရာသုံးဖို့ အံဆွဲထဲမှာ ပိုက်ဆံနည်းနည်း ထည့်ပေးထားတယ်"

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်သည် အံဆွဲကို ဆွဲဖွင့်ကြည့်ပြီး ပိုက်ဆံတစ်ထပ်ကိုမြင်သောအခါ

"ကျေးဇူးပဲ ရွှေမန်း"

ဟု ပြောလိုက်၏။

ရွှေမန်းသည် ဂျမဒါမင်းထင်အား အေးအေးဆေးဆေး အနားယူရန် ပြောဆိုပြီး အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေ၏။

ဂျမဒါမင်းထင်သည် အိပ်ခန်းထဲ၌ တစ်ကိုယ်တည်း ကျန်ရစ်သောအခါ အရက်ပုလင်းတစ်လုံး ကိုဖွင့်၍ သီဟိုစေ့လှော်ဖြင့် မြည်းလေ၏။

ဂျမဒါမင်းထင်သည် အရက်ကို တစ်ခွက်ပြီး တစ်ခွက် သောက်နေမိ၏။ ထောင်ထဲမှာနေစဉ် ကလည်း ဂမ်းနည်းပူဆွေးစရာတွေကို တွေးနေမိ၏။

ထိုအရာများကို မေ့လျော့ချင်လှသဖြင့် အရက်များကို တစ်ခွက်ပြီးတစ်ခွက် သောက်နေမိ၏။ နောက်ဆုံး၌ မခံနိုင်တော့သဖြင့် စားပွဲခုံပေါ်သို့ မှောက်ကျသွား၏။

ဂျမဒါမင်းထင် အိပ်မောကျသွားစဉ် မက်ဆိုပိုတေးမီးယား စစ်မြေပြင်သို့

ပြန်ရောက်သွားလေ ၏။ သကန္တာရထဲ၌ ဗက်ဒိုးအင်းများနှင့် တိုက်ပွဲများ ဖြစ်ပွားနေ၏။

ဗက်ဒိုးအင်းများ၏ အင်းအား များပြားလွန်းလှ၏။ သူတို့ တပ်စုကလေးကို မလှန်နိုင်အောင် ကျည်ဆန်မိုးများ ရွာချနေ၏။

သူတို့တပ်စု၏ ကျည်ဆန် လုံလုံလောက်လောက်မရှိတော့။ နောက်ဆုံး ဗက်ဒိုးအင်းများပစ် လိုက်သော အမြောက်ဆန်တစ်ခု သူတို့ အနီး၌ ပေါက်ကွဲသွားလေ၏။

သူတို့တပ်သားများ၏ ကိုယ်ခန္ဓာများ လေထဲသို့ တစ်စစီ လွင့်ပြန်ထွက်သွား၏။ ဂျမဒါမင်းထင် သည် အထိတ်တလန့် အော်ဟစ်ပြီး ပြန်လည်သတိရလာ၏။

ဂျမဒါမင်းထင်သည် သုံးရက်ဆက်တိုက် အရက်များ သောက်ပြီး လက်ရှိဘဝကို မေ့ထားလေ၏။ ထိုရက်များအတွက် မက်ဆိုပိုတေးမီးယား စစ်မြေပြင်ရှိ ပြင်းထန်သော တိုက်ပွဲများကို သာ မြင်မက်နေလေ၏။

တစ်နေ့ ဂျမဒါမင်းထင် အိပ်ရာမှ လန့်နိုးလာသောအခါ အခန်းထဲသို့ ရွှေမန်း ရောက်ရှိလာ၏။ ရွှေမန်းသည် အခန်းထဲရှိ ရှုပ်ပွနေသော ပုလင်းခွံများကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး။

“ဂျမဒါ အတော်ချထားတာပဲ၊ တစ်ကိုယ်လုံးလည်း ညစ်ပတ်ပေကျံနေတာပဲ၊ မုတ်ဆိတ်တွေ လည်း ရှည်ပြီး ညှဉ်းသိုးသိုးဖြစ်နေပြီ၊ ဂျမဒါရဲ့ မုတ်ဆိတ်တွေကို ရိတ်လိုက်ပါဦးဗျာ”

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က ထိုင်ရာမှထ၍

“မင်း ငါ့ကို ဘာဖြစ်လို့ မုတ်ဆိတ်ရိတ်ခိုင်းရတာ လဲ”

ဟု မေးမြန်းလေ၏။ ထိုအခါ ရွှေမန်းက

“ဂျမဒါ ဒီအတိုင်းနေလို့ မသင့်တော့ဘူး။ ဂျမဒါ အလုပ်တစ်ခု လုပ်မှဖြစ်မယ်၊ ဂျမဒါနဲ့ သင့်တော်တဲ့အလုပ်တစ်ခု ကျုပ်ရှာထားတယ်”

ဟု ပြောလေရာ ဂျမဒါမင်းထင်က မျက်မှောက်ကြုတ်၍

“အလုပ်တစ်ခု ဟုတ်လား၊ ငါ့စိတ်နဲ့ အလုပ်လုပ်လို့ ဖြစ်ပါ့မလား၊ ငါ့ဘဝရဲ့ အိပ်မက်ဆိုးတွေကို မင်းအသိဆုံးပဲကွာ”

ဟု ပြောလေ၏။ ရွှေမန်းက ဂျမဒါမင်းထင်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

“ကျုပ် သိပါတယ်၊ အိပ်မက်ဆိုးတွေ အမြန်ဆုံးကျော်သွားဖို့ အကောင်းဆုံးနည်းလမ်းက ဂျမဒါ အလုပ်တစ်ခုလုပ်ဖို့ပဲ”

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က မျက်မှောက်ကြုတ်၍

“ ငါ ဘာအလုပ်လုပ်ရမှာလဲ”

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ရွှေမန်းက ဂျမဒါမင်းထင်၏ ပခုံးကိုဖက်၍

“ဂျမဒါရဲ့မုတ်ဆိတ်တွေ အရင်ဆုံး ရိတ်လိုက်ပါဦး၊ ပြီးရင် ဂျမဒါအတွက် ယူလာတဲ့အဝတ် အစားတွေကို ဝတ်လိုက်ပါဦး”

ဟု ပြောလေ၏။

ဂျမဒါမင်းထင်သည် ရွှေမန်းကို စကားမဆိုတော့ဘဲ ရေချိုးခန်းသို့ဝင်၍ ရေမိုးချိုးပြီး မုတ်ဆိတ်များကို ရိတ်နေမိ၏။

ရွှေမန်းက မိမိကို အလုပ်တစ်ခုလုပ်ရမည် ဆိုနေ၏။ ထိုအလုပ်ကို မိမိ လုပ်နိုင်ပါ့မလား။ အိပ်မက်ဆိုးတွေကို မေ့ပစ်ချင်တာ ကြာလေပြီ။ မက်ဆိုပိုတေးမီးယားအကြောင်းကို သူ ပြန်မတွေးချင်။ တွေးမိတိုင်း

ရင်နင့်ကြေကွဲစရာအတိ ဖြစ်နေ၏။

ဂျမဒါမင်းထင်သည် မုတ်ဆိတ်ရိပ်ပြီးသောအခါ ရွှေမန်းယူဆောင်လာသော ခိုပြရောင် ဥရောပ ဝတ်စုံနှင့် သက္ကလက် ဘောင်းဘီကို ဝတ်ဆင်လေ၏။ ဂျွန်ဝိုက် အမျိုးသားဖိနပ်ကိုလည်း ဝတ်ဆင်လေ၏။

ဖိနပ်သည် မိမိနှင့် ကွက်တိဖြစ်နေလေ၏။ ရွှေမန်းသည် မိမိ၏ အကြောင်းကို ကကြီးမှ အ အထိ သိရှိနေလေ၏။

ရွှေမန်းသည် ဂျမဒါမင်းထင်အား သူ၏ ဂျစ်ကားဖြင့် ခေါ်ဆောင်သွားလေ၏။ ဘုံဘေရက်စ တောရင့်သို့ရောက်သောအခါ ကား ကိုရပ်၍ ဂျမဒါမင်းထင်ကို နံနက်စာ ကျွေးလေ၏။

ဂျမဒါမင်းထင်သည် နံနက်စာစားရင်း

"ဟေ့ကောင်... မင်း ငါ့ကို ပဟေဠိမလုပ်နဲ့၊ ငါ ဘာအလုပ်လုပ်ရမှာလဲ၊ မဟုတ်တာကိုတော့ ငါမလုပ်ဘူးနော်"

ဟု မေးမြန်းလိုက်ရာ ရွှေမန်းက ရယ်မော၍

" ဟား ဟား ဟား ... ဂျမဒါလိုလူကို ကျုပ်က မဟုတ်တဲ့အလုပ်ကို မလုပ်ခိုင်းရဲပါဘူးဗျာ၊ ဂျမဒါလုပ်ရမှာက သက်တော်စောင့် အလုပ်ဗျ၊ ဒီအလုပ်က ဂျမဒါနဲ့ သိပ်လိုက်တယ်"

ဟု ပြောလိုက်လေ၏။ ဂျမဒါမင်းထင်သည် ရွှေမန်း၏ စကားကြောင့် အံ့သြသွားပြီး

"ဘာ ... ငါ့ သက်တော်စောင့်လုပ်ရမယ် ဟုတ်လား ဘယ်လိုလူရဲ့ သက်တော်စောင့်လဲ"

ဟု မေးမြန်းလိုက်၏။ ထိုအခါ ရွှေမန်းက ဂျမဒါမင်းထင်၏ မျက်နှာကို စေ့စေ့ကြည့်၍

"သိပ်ချမ်းသာတဲ့ မိုးကုတ်သူဌေးမိသားစုကို စောင့်ရှောက်ရမှာ"

ဟု ပြောလိုက်၏။ ဂျမဒါမင်းထင် မျက်မှောင်ကြုတ်၍

"ငါ့အကြောင်း ငါ အသိဆုံး၊ ဒီလိုအလုပ်မျိုးက အန္တာရာယ်ကြီးတယ်၊ ငါ တာဝန်မကျေမှာ စိုးရိမ်တယ်"

ဟု ပြောလေရာ ရွှေမန်းက

" ဂျမဒါ ဘာမှစိုးရိမ်စရာမလိုဘူး၊ ဒီနေ့ခေတ်မှာ သိပ်ချမ်းသာတဲ့လူတွေဟာ ကိုယ့်ကိုယ်ကိုယ် သိပ်ဂရုစိုက်ပြီး မလိုအပ်တဲ့ အန္တရာယ်တွေကို ကြောက်လန့်နေကြတယ်၊ ဂျမဒါရဲ့ အိတ်ထဲမှာ သေနတ်တစ်လက်ဆောင်ပြီး လစာကို မှန်မှန်ထုတ်ယူနေရုံပဲ"

ဟု ပြောလေ၏။

ဂျမဒါမင်းထင်က သေနတ်ဟူသောအသံကို ကြားလိုက်ရသဖြင့် ရင်ထဲတွင် လှုပ်ခနဲဖြစ်သွားပြီး

"ငါ တစ်သက်လုံး သေနတ်မကိုင်တော့ဘူးလို့ ဆုံးဖြတ်ထားတာကွ"

ဟု ပြောလိုက်ရာ ရွှေမန်းက

" ဒီတစ်ခါတော့ နောက်ဆုံးအနေနဲ့ ကိုင်လိုက်ပါဗျာ၊ ဒီအလုပ်က ဂျမဒါနဲ့ သင့်တော်လို့ပါ"

ဟု ပြောလိုက်၏။ ရွှေမန်းက ခေါင်းခါယမ်း၍

"ကျုပ်အမြင်မှာတော့ ဂျမဒါထက် သင့်တော်မဲ့သူ မရှိဘူး ထင်တယ်။ ကျုပ်ရင်ထဲမှာ အမြဲယုံကြည်နေတာတစ်ခုရှိတယ်။ အဲဒါကတော့ ဂျမဒါကို ဘယ်သူမှမသတ်နိုင်ဘူးဆိုတာပဲ"

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်၏ မျက်လုံးထဲတွင်

မက်ဆိုပိုတေးမီးယား စစ်မြေပြင်ကို ဖျတ်ခနဲမြင်ယောင်လိုက်၏ ။

သဲကန္တာရအတွင်း ဗက်ဒိုးအင်းတွေ အများကြီးတက်လာ၏ ။ လက်ပစ်ဗုံးနှင့်ပစ်လိုက်တော့ ဗက်ဒိုးအင်းများ လေထဲသို့ လွင့်ပျံသွား၏ ။

ရွှေမန်းက ဂျမဒါမင်းထင်ကို ယုံကြည်မှုအပြည့်ဖြင့် ကြည့်လိုက်ပြီး

"ကမ္ဘာပေါ်မှာ ဒီအလုပ်အတွက် ဂျမဒါမင်းထင်ထက်တော်တဲ့သူ တစ်ယောက်မှမမြင်ဘူး၊ ခဏကြာရင် မိုးကုတ်သူဌေး မိသားစုက အရေးအပါဆုံးပုဂ္ဂိုလ် ရောက်လာလိမ့်မယ်၊ ဂျမဒါ ဒီလူနဲ့ စကားပြောကြည့်ပါ"

ဟု ပြောလေ၏ ။

ရွှေမန်း၏ စကားမဆုံးမီ ဘုံဘေရက်စတော့ရင်အရှေ့သို့ အနက်ရောင်ဝက်စလီ ကားနက်ကြီး တစ်စီး ထိုးရပ်လာပြီး ဒရိုင်ဘာက ကားနောက်ခန်းတံခါးကို တရိုတသေ ဖွင့်လိုက်လေ၏ ။

ထိုအခါ အဖြူရောင်ဥရောပဝတ်စုံ ဝတ်ဆင်ထားသော လူ တစ်ယောက်သည် ဘုံဘေရက်စ တောရင့်တွင်းသို့ ဝင်ရောက်လာလေ၏ ။

ရွှေမန်းက ဂျမဒါမင်းထင်ဘက်သို့လှည့်၍

"ဒီပုဂ္ဂိုလ်က မိုးကုတ်သူဌေးမိသားစုရဲ့ အရေးအပါဆုံး ပုဂ္ဂိုလ်ပဲ၊ နာမည်က မောင်မောင်သန်း၊ မောင်မောင်သန်းရဲ့ မိန်းမက မိုးကုတ်သူဌေးကြီးရဲ့ သမီးဗျ၊ ကျုပ် သူ့ကို သွားနှုတ်ဆက်လိုက်ဦးမယ်"

ဟု ဆိုကာ ထိုင်ရာမှထ၍ မောင်မောင်သန်းဆိုသူကို ဂျမဒါမင်းထင်ရှိရာသို့ ခေါ်ဆောင်လာခဲ့ ၏ ။

ရွှေမန်းသည် မောင်မောင်သန်းဆိုသူကို ဂျမဒါမင်းထင်၏ အရှေ့သို့ ခေါ်ဆောင်လာပြီး မိတ်ဆက်ပေးလေ၏ ။

မောင်မောင်သန်းသည် ဂျမဒါမင်းထင်၏ အရှေ့၌ ဝင်ထိုင်လိုက်ပြီး

“ကျုပ်တို့မိသားစုရဲ့ သက်တော်စောင့်အလုပ်ကို ခင်ဗျား လုပ်တော့မယ်ပေါ့၊ ခင်ဗျားမှာရှိတဲ့ အရည်အချင်းကို ပြောပါ”

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

“ကျုပ်မှာ ဘာအရည်အချင်းမှ မရှိဘူး၊ လူသတ်ဖူးတာပဲ ရှိတယ်”

ဟု ပြောလိုက်၏။

ရွှေမန်းက သူ၏ လက်ထဲရှိ အစိမ်းရောင်ဖိုင်တစ်ခုကို မောင်မောင်သန်း၏ လက်ထဲသို့ ကမန်းကတန်အပ်၍

“ဟောဒီမှာ သက်တော်စောင့်နဲ့ပတ်သက်တဲ့ အချက်အလက်တွေ ပါပါတယ်”

ဟု ပြောလေ၏။ မောင်မောင်သန်းသည် အစိမ်းရောင်ဖိုင်ကို ခဏမျှကြည့်လိုက်ပြီး

“ဖိုင်ထဲမှာပါတဲ့ အရည်အချင်းတွေကတော့ အံ့မခန်းပါပဲ၊ လောလောဆယ်မှာ ဘာအလုပ်လုပ်သလဲ”

ဟု မေးမြန်လေ၏။ ဂျမဒါမင်းထင်က

“ကျုပ် လွန်ခဲ့တဲ့သုံးရက်ကမှ ထောင်ကလွတ်လာတာပဲ၊ ကျုပ်မှာ ဘာအလုပ်မှမရှိဘူး၊ ကျုပ်ရဲ့ အရည်အချင်းက ထူးထူးထွေထွေ မဟုတ်ဘူး၊ တစ်ချိန်လုံး အရက်သောက်နေတဲ့ အားနည်းချက်လည်း ရှိတယ်”

ဟု ပြောလိုက်ရာ မောင်မောင်သန်းက ခေါင်းခါယမ်း၍

“ခင်ဗျာ အရက်ဂျိုးကြီးဖြစ်နေရင် ရန်သူနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ”

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင့်

“ကျုပ်မသေသရွေ့ ရန်သူက ခင်ဗျားတို့ကို လက်ဖျားနဲ့ထိလို့မရဘူး၊

ကျုပ် တာဝန်ယူနိုင်တာ ဒါတစ်ခုပဲရှိတယ်”

ဟု ပြောလိုက်လေ၏။

ဂျမန်ဒါမင်းထင်၏ စကားကြောင့် မောင်မောင်သန်းက လက်ဖျစ်တီးလိုက်ပြီး

“ကြိုက်သွားပြီး၊ ဒီစကားတစ်ခွန်းတည်းနဲ့ ကိုယ်ရံတော် ခန့်လိုက်ပြီး၊ ကျုပ်ရဲ့အိမ်ကို လိုက်ခဲ့ပေတော့”

ဟု ဖိတ်ခေါ်လိုက်လေ၏။

ထို့နောက် ဂျမဒါမင်းထင်တို့သည် မောင်မောင်သန်း၏ လှပသော ဝက်စလီးကားနက်ကြီးအနောက်မှ လိုက်ခဲ့ကြလေ၏။

ဝင်ဒါမီယာရှိ ကျယ်ဝန်းသော ခြံကျယ်ကြီးရှေ့သို့ရောက်သောအခါ မောင်မောင်သန်း၏ ကားသည် ခြံရှေ့တွင်ရပ်၍ ဟွန်းတီးလိုက်၏။

ထိုအခါ ဂေါ်ရခါးခြံစောင့်သည် တံခါးကိုဖွင့်၍ မောင်မောင်သန်းကို ဆံလန်ပေးလေ၏။ ဂျမဒါမင်းထင်တို့ ဂျစ်ကားလေးသည် မောင်မောင်သန်း၏ ကားအနောက်မှလိုက်၍ ခြံဝန်းထဲသို့ ဝင်ရောက်ခဲ့လေ၏။

ဂျမဒါမင်းထင်သည် နတ်ဘုံနတ်နန်းတမျှ ခမ်းနားသော အိမ်နှင့်ခြံကြီးကိုကြည့်၍

“ငါတို့နိုင်ငံမှာ ဒီလောက်ကြီးကျယ်ခမ်းနားမှုတွေ ရှိနေပြီလား”

ဟု ရွေရွက်လိုက်ရာ ရွှေမန်းက အိမ်ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်၍

“မိုးကုတ်သူဌေးကြီး ဦးရွှေဂဆိုတာ မကြားဖူးဘူးလား ဒီအိမ်က စိန်မမဆိုတာ သူဌေးကြီး ဦးရွှေဂရဲ့ သမီးလေ၊ မောင်မောင်သန်းဆိုတဲ့ ပုဂ္ဂိုလ်က စိန်မမကိုယူပြီး စိန်နားကပ်ရောင်းနဲ့ ပါးပြောင် နေတာဗျ၊ သူတို့မိသားစုက

သိပ်ချမ်းသာကြတယ်၊ ဒါကြောင့် သက်တော်စောင့်တွေ ဘာတွေငှားတာ ပေါ့ဗျာ၊ ဂျမဒါ တော့ ဒီမှာ အေးအေးချမ်းနေရပြီ”

ဟု ပြောလိုက်ရာ၊ ဂျမဒါမင်းထင်က သက်ပြင်းချ၍

“ငါ့ဘဂက ဘယ်တုန်းက အေးချမ်းဖူးလို့လဲကွာ၊ ဘာပဲဖြစ်ဖြစ် သူ့ဆန်းစားရင်ရဲတော့မှာပေါ့၊ သူ့အလုပ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရတော့မှာပေါ့”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်တို့၏ ဂျစ်ကားလေး ဆင်ဝင်အောက်သို့ရောက်သောအခါ အသက်ငါးဆယ်ဝန်းကျင် လူကြီးတစ်ဦးက ဖော်ရွေစွာ ဧည့်ခံ၍ အိမ်ကြီး၏ ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်သွားလေ၏။

အိမ်ကြီး၏ ဧည့်ခန်းတစ်ခုလုံးကို အလွန်လှပပြီး နှင်းရက်စရာ မရှိသော ကော်ဇောကြီးဖြင့် ခင်ကျင်းထား၏။ အိမ်ထောင်ပရိဘောဂများအားလုံး အဆင့်မြင့်ပြီး တန်ဖိုးကြီးမားသော ပစ္စည်းများ ဖြစ်၏။

ဂျမဒါမင်းထင်နှင့် ရွှေမန်းသည် အိမ်ကြီး၏ ဧည့်ခန်းအတွင်း၌ ခဏမျှ စောင့်ကြလေ၏။ အတန်ကြာသောအခါ အိမ်ကြီး၏ အပေါ်ထပ် ကျွန်းလှေခါးကြီးမှ ချောမောလှပသော အသက်သုံး ဆယ်ဝန်းကျင် မိန်းမတစ်ဦး ဆင်းသက်လာလေ၏။

ထိုမိန်းမ ဂျမဒါ မင်းထင်တို့အနီးသို့ရောက်သောအခါ ရွှေမန်းက ထိုင်ရာမှထ၍

“ဒေါ်စိန်မမ အလိုရှိတဲ့ ကိုယ်ရံတော်ကို ကျွန်တော် ရှာခဲ့ပြီးပါပြီ၊ ရဲစွမ်းသတ္တိ၊ အကျင့်စာရိတ္တနဲ့ ကျွမ်းကျင်မှုကို ကျွန်တော် အာမခံပါတယ်၊ မက်ဆိုပိုတေးမီးယားမှာ စစ်မှုထမ်းတုန်းက ဂျမဒါမင်းထင် က ကျွန်တော့်ဆရာပါ၊ သူ့မှာ စစ်မှုထမ်းကောင်း တံဆိပ်တွေ အများကြီးရထားပါတယ်။ သူရတဲ့ စစ်မှုထမ်းဟောင်း တံဆိပ်တွေဟာ မြန်မာလူမျိုးတွေ မရဘူးတဲ့ တံဆိပ်တွေပါ”

ဟု ပြောလိုက်လေ၏။ ထိုအခါ စိန်မမက ဂျမဒါမင်းထင်ကို အသိအမှတ်ပြုဟန်ဖြင့် ကြည့်၍

"အခုတလော ရန်ကုန်မြို့မှာ ဂုဏ်သရေရှိအသိုင်းအဝိုင်းက လူတွေကို ပြန်ပေးဆွဲတဲ့အမှုတွေ ဖြစ်နေတယ်လို့ ကျွန်မမိတ်ဆွေ ပုလိပ်အရာရှိတွေက ပြောဖူးတယ်၊ သက်တော်စောင့်ထားဖို့ကိုလည်း ပုလိပ်အရာရှိတွေကပဲ ပြောတာပါ၊ နောက်အဆင်သင့်ရင် ကျွန်မမိတ်ဆွေ ပုလိပ်အင်စပက်တော် ဝင်းစိုးနဲ့ မိတ်ဆက်ပေးပါ့မယ်"

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် အနီး၌ ရှိနေသော စိန်မမ၏ ယောက်ျား မောင်မောင်သန်းက အိမ်ရှေ့ဆင်ဝင်ဘက်သို့ကြည့်၍

"ခင်ဗျား သက်တော်စောင့်လုပ်ရမယ့် ပုဂ္ဂိုလ်ကတော့ ဟောဒီ ကလေးပါပဲ"

ဟု ဆိုလိုက်ရာ ဂျမဒါမင်းထင်သည် မျက်လုံးပြူးပြီး အိမ်ရှေ့ဆင်ဝင်ဘက်သို့ ကြည့်လိုက်လေ၏။

ထိုအခါ တံခါးဝ၌ ကြက်တောင်ရိုက်တံကိုင်ပြီး ရပ်နေသော အသက် (၁၀) နှစ်ဝန်းကျင် ကလေးတစ်ယောက်ကို တွေ့လိုက်ရလေ၏။

ဂျမဒါမင်းထင်က ကလေးငယ်ကို တအံ့တသြကြည့်၍

"ဟင် … ကျုပ်က ဒီကလေးကို သက်တော်စောင့် လုပ်ရမှာလား"

ဟု မေးမြန်းလိုက်၏။ စိန်မမက ခေါင်းညိတ်၍

"ဟုတ်တယ်၊ အခုတလော ရန်ကုန်မြို့မှာ လူကုံထံကလေးတွေ ပြန်ပေးဆွဲခံရတာ များနေတယ်၊ ကျွန်မတို့လင်မယားထက် ကလေးက ပိုပြီးအရေးကြီးတယ်လေ၊ ဒါကြောင့် ရှင်က ကျွန်မတို့ကလေးရဲ့ သက်တော်စောင့်လုပ်ပေးရမယ်၊ လခတော့ ရှင်ကြိုက်သလောက် ပြောပါ၊ ကျွန်မတို့

တစ်ခွန်းမှမဆစ်ပါဘူး”

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်သည် အနီး၌ ရှိနေသော ရွှေမန်းဘက်သို့လှည့်၍

“ ရွှေမန်း … မင်း ငါ့အကြောင်းသိရဲ့သားနဲ့၊ ဘယ်လိုလုပ်လိုက်တာလဲကွာ”

ဟု မေးမြန်းလိုက်လေ၏ ။ ရွှေမန်းက ဂျမဒါမင်းထင်ကို လေးနက်ဟန်ဖြင့်ကြည့်၍

“ဂျမဒါရဲ့ဝေဒနာအတွက် ဒီနည်းက အကောင်းဆုံး ကုစားချက်လို ကျုပ်ယုံကြည်တယ်၊ ဒါကြောင့် ကျုပ် စီစဉ်လိုက်ရတာ ပါ အမြင့်ကိုကြောက်တဲ့ကလေးကို ကုစားချင်ရင် ဘာလုပ်ရသလဲ ဂျမဒါ။ အမြင့်ကိုရှောင်နေရင်တော့ ကြောက်သထက်ကြောက်နေမှာပဲ၊ အမြင့်နဲ့ တဖြည်းဖြည်း ရင်းနှီးအောင်လုပ်ရင်တော့ အမြင့်ကို မကြောက်တော့ဘူး၊ ဂျမဒါ ကျေးဇူးပြုပြီး မငြင်းပါနဲ့ဗျာ၊ ဒီအလုပ်က ဂျမဒါနဲ့ အသင့်တော်ဆုံးပါ”

ဟု ပြောလေ၏ ။ ဂျမဒါမင်းထင်၏ အမူအရာကို ကြည့်၍ စိန်မမက မျက်မှောက်ကြုတ်၍

“ရှင့် မှာ ဘယ်လိုပြဿနာရှိလို့လဲ”

ဟု မေးမြန်းလိုက်လေ၏ ။ စိန်မမ၏ စကားကြောင့် ရွှေမန်းက ဝင်ရောက်၍

“ဘာပြဿနာမှမရှိပါဘူးဗျာ၊ ကျွန်တော့်ဆရာက ကလေးတွေနဲ့ ရင်းရင်းနှီးနှီး မဆက်ဆံတတ် ဘူး၊ ဒါကြောင့် သူ့ကိုယ်သူ မယုံမရဲ ဖြစ်နေတာပဲ၊ ဒါပေမဲ့ သက်တော်စောင့်အလုပ်ကို သူ လုပ်မှာပါ”

ဟု ဝင်ပြောဆိုလိုက်ရာ ဂျမဒါမင်းထင်သည် ငြင်းဆန်ရင်

နှုတ်ဆွံ့အသွားလေ၏။ ဒေါ်စိန်မမ၏ ယောကျာ်း မောင်မောင်သန်းက ဝင်ရောက်၍

"ကလေးအတွက်မပူပါနဲ့ ဂျမဒါ။ ကလေးက လူတိုင်းနဲ့ချစ်ချစ်ခင်ခင် နေတတ်ပါတယ်၊ သူနဲ့မတည့်တဲ့လူ ခပ်ရှားရှားပါ"

ဟု ပြောလေ၏။

ဂျမဒမင်းထင်သည် တံခါး၌ ကြက်တောင်ရိုက်တံကို ကိုင်၍ ရပ်နေသောကလေးကို လှမ်းကြည့် လိုက်၏။

ကလေးငယ်သည် မိမိကို စူးစမ်းဟန်ဖြင့် ကြည့်ရှုနေ၏။ ကလေးငယ်၏ မျက်လုံးများ တောက်ပကြည်လင်နေ၏။ ဂျမဒါမင်းထင်သည် ကလေးတစ်ယောက်၏ သက်တော်စောင့် အလုပ်ကို စိတ်မသက်သာစွာဖြင့် လက်ခံလိုက်ရ၏။

မောင်မောင်သန်းသည် သူ၏ သားငယ်ကို အနီးသို့ခေါ်ယူ၍

"ဒီမှာ ငါ့သား၊ ဟောဒီက ပုဂ္ဂိုလ်ကြီးက သားရဲ့ သက်တော်စောင့်တာဝန်ယူမဲ့လူလေ၊ နာမည်က ဂျမဒါမင်းထင်လို့ ခေါ်တယ်"

ဟု ပြောလိုက်ရာ ကလေးငယ်က ဂျမဒါမင်းထင်ကို မျက်မှောက်ကြုတ်ကြည့်၍

" ဒီလူကြီးနာမည်က ဘယ်လိုကြီးလဲ၊ ဂျမဒါမင်းထင်တဲ့"

ဟု ပြောလိုက်၏။ ထိုအခါ ရွှေမန်းက ဝင်ရောက်၍

"ဒီလိုပါ ကလေးရယ်၊ ဂျမဒါမင်းထင်ဆိုတဲ့ ဦးလေးက ဗြိတိသျှစစ်တပ်မှာ အမှုထမ်းခဲ့တာကွ၊ ဂျမဒါဆိုတာ စစ်တပ်မှာ ဆာဂျင်တို့၊ ဆူမဒါတို့လို အရာရှိငယ်လေးတွေပေါ့"

ဟု ဝင်ရောက်ပြောဆိုလိုက်လေ၏။

ဂျမဒါမင်းထင်ကမူ ကလေးငယ်၏ အမူအရာကိုကြည့်၍ မက်ဆိုပိုတေးမီးယား စစ်မြေပြင်မှ တိုက်ပွဲများကို ပြန်လည်မြင်ယောင်နေမိ၏ ။

သူသည် ဗုံးသံ၊ အမြှောက်သံများကြား၌ ရောက်ရှိနေလေ၏ ။ ရန်သူ ဗက်ဒိုးအင်းများက စက်သေနတ်ဖြင့် တရစပ်ပစ်ခတ်နေလေ၏ ။

ဂျမဒါ မင်းထင်သည် ရင်ထဲတွင် ဆို့နှင့်လာသဖြင့် မျက်လုံးကို စုံမှိတ်ထားလိုက်၏ ။

ထိုအခိုက်မှာပင် ရွှေးမန်းက ဂျမဒါမင်းထင်၏ ပခုံးကိုပုတ်၍

“ ဂျမဒါ … ကျုပ်သွားတော့မယ်ဗျာ၊ ဂျမဒါ သက်တော်စောင့်အလုပ်နဲ့ အဆင်ပြေမယ်လို့ ကျုပ်ယုံကြည်တယ်ဗျာ”

ဟုပြောရင်း စိန်မမနှင့် မောင်မောင်သန်းတို့ဘက်သို့ လှည့်၍

“ကမ္ဘာပေါ်မှာ သက်တော်စောင့်လုပ်ဖို့ ဂျမဒါမင်းထင်ထက် ပိုပြီးတော်တဲ့သူ မရှိဘူးဆိုတာ ကျုပ် အာမခံတယ်”

ဟု ပြောကာ ထွက်ခွာသွားလေ၏ ။

ဂျမဒါမင်းထင် နေထိုင်ရန်အခန်းကို ဘဏ္ဍာစိုးလူကြီးက လိုက်လံပြသလေ၏ ။ အိမ်ကြီး၏ အောက်ထပ်ရှိ အိပ်ခန်းတစ်ခန်း၌ ဂျမဒါမင်းထင်နေထိုင်ရန် စီစဉ်ထားလေ၏ ။

ထိုအခန်းထဲ၌ ဗီရိုနှင့် စာရေးစားပွဲတစ်လုံး၊ ရေချိုးခန်း အိမ်သာတို့ တွဲလျက်ပါရှိ၏ ။ ဂျမဒါမင်း ထင်သည် အိပ်ခန်းထဲသို့ ရောက်သည်နှင့် ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်၏ ။

ယနေ့မှစ၍ ဤအိမ်ကြီး၌ နေထိုင်ပြီး အသက်ဆယ်နှစ်အရွယ် ကလေးငယ်၏ သက်တော် စောင့်အလုပ်ကို လုပ်ရပေမည်။ ကလေးတစ်ယောက်အသက်ကို မိမိလုံခြုံအောင် စောင့်ရှောက်နိုင်ပါမလား။

ရွှေမန်းကတော့ မိမိကို ယုံယုံကြည်ကြည်ဖြင့် ကမ္ဘာပေါ်တွင် သက်တော်စောင့်အလုပ်နှင့် အသင့်တော်ဆုံးလူဟု ချီးမွမ်းပြောဆိုသွားလေ၏။

မိမိ၌ ဤအရည်အချင်းမျိုးမရှိတော့သလို ခံစားရ၏။ ကလေးငယ်၏ အသက်ကို ကာကွယ်နိုင် ဖို့ဝေးစွ၊ မိမိအသက်ကိုပင် မိမိကာကွယ်နိုင်တော့မလား။

ဂျမဒါမင်းထင်သည် လက်ရှိဘဝကို မေ့လျော့ထားနိုင်ရန် အရက်ကို မရပ်မနား သောက်နေချင်မိ၏။ ထို့ကြောင့် လွယ်အိပ်ထဲ၌ ဆောင်ယူလာသော အရက်ပုလင်းကိုသောက်ရန် ထုတ်လိုက်၏။

ထိုအခိုက်မှာပင် အခန်းတံခါးခေါက်သံကြားရ၍ အရက်ပုလင်းကို သိမ်းလိုက်ပြီး တံခါးသွားဖွင့် လိုက်လေ၏။

ထိုအခါ တံခါးဝ၌ ဘဏ္ဍာစိုးကြီးကိုတွေ့ရပြီး ၎င်းက နှစ်လိုသော အမူအရာဖြင့်

"ညစားစာချိန်ရောက်လို့ လာခေါ်တာပါ"

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က ဘဏ္ဍာစိုးကြီးကို မည်သည့်စကားမျှ မဆိုဖြစ်ဘဲ ၎င်း၏ အနောက်သို့ လိုက်ခဲ့၏။

အိမ်ကြီး၏ အခမ်းနားသော ထမင်းဝိုင်း၌ ဒေါ်စိန်မမတို့လင်မယားနှင့် မိမိစောင့်ရှောက်ရမည့် ကလေးငယ်ကို တွေ့ရ၏။ ဒေါ်စိန်မမက ဖော်ရွေသော အမူအရာဖြင့် ပြုံး၍ ဖိတ်ခေါ်လေ၏။

ညစာစားရင်း မောင်မောင်ကြည်က

"ဂျမဒါ သက်တော်စောင့်လုပ်ရမဲ့ ကလေးရဲ့နာမည်က မောင်ရွှေသွေးလို့ခေါ်တယ်၊ မောင်ရွှေသွေးက စိန်ပေါ်ကျောင်းမှာ ငါးတန်းတက်နေတယ်"

ဟု ပြောလေရာ စိန်မမက ဂျမဒါမင်းထင်ကိုကြည့်၍

“ရှင် ကားကောင်းကောင်း မောင်းတတ်တယ် မဟုတ်လား”

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

“ကျုပ် ကားမောင်းတတ်ပါတယ်”

“ဒါဆိုရင်တော့ မနက်ဖြန် သားကျောင်းတက်ရင် ရှင် သားရဲ့ကျောင်းကားကို ကိုယ်တိုင်မောင်းပြီး ပို့ပေးရမယ်”

ဟု ပြောလေ၏။ မောင်မောင်ကြည်က ဂျမဒါမင်းထင်ကို စူးစမ်းသလိုကြည့်၍

“ရန်ကုန်မြို့က လမ်းတွေကို ကောင်းကောင်းကျွမ်းကျင်သလား”

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍ ရန်ကုန်မြို့ရှိလမ်းများကို ကျွမ်းကျင်စွာ မောင်းနှင်းတတ်ကြောင်း ပြောပြလေ၏။

ဂျမဒါမင်းထင်က ခေါင်းညိတ်၍ ရန်ကုန်မြို့ရှိလမ်းများကို ကျွမ်းကျင်စွာ မောင်းနှင်တတ်ကြောင်း ပြောပြလေ၏။

ဂျမဒါမင်းထင်သည် ထမင်းဝိုင်းပြီးသည်နှင့် အိပ်ခန်းထဲသို့ တန်းဝင်၍ အရက်ပုလင်းကို ဖွင့်နေလေ၏။

သူသည် အရက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေလေ၏။ နောက်ဆုံး အရက်မူးပြီး အိပ်ရာပေါ်သို့ လဲကျသွား၏။

ထိုည၌ လည်း မက်ဆိုပိုတေးမီးယား စစ်မြေပြင်ရှိ အိပ်မက်ဆိုးများကို မြင်မက်နေပြန်၏။ အိမ်မက်၏ အဆုံး၌ ရန်သူ၏ လှံစွပ်သည် မိမိ၏ ရင်ဂထဲ သို့ စူးဝင်လာသဖြင့် အားခနဲအော်ဟစ်၍ လန့်နိုးလာ၏။

*

ဂျမဒါမင်းထင်သည် နောက်တစ်နေ့နံနက်စောစောထ၍ ခြံထဲသို့ ဆင်းလေ၏ ။

ထိုအခါ ခြံထဲ၌ မာလီကုလားနှစ်ယောက် အလုပ်လုပ်နေကြ၏ ။ ခြံ၏ တစ်နေရာ၌ အနက်ရောင် အော်စတင်ကားတစ်စီးကို တွေ့ရ၏ ။

ထိုကားသည် အလွန်သစ်လွင်ပြီး အင်ဂျင်အားကောင်းသော ကားဖြစ်၏ ။

မောင်ရွှေသွေးကို မိမိကားမောင်းပြီး ကျောင်းပို့ရမည့်ကား ဖြစ်မည်ထင်၏ ။ ဂျမဒါမင်းထင်သည် ကားထဲတွင် သော့ကို အသင့်တွေ့ရသဖြင့် ကားစက်နှိုးပြီး စစ်ဆေးကြည့်ရှုနေမိ၏ ။

ဂျမဒါမင်းထင် ကားကို စိတ်တိုင်းကျ စစ်ဆေးပြီးစီးသောအခါ ခြံထဲသို့ဆင်းလာသော မောင်မောင်ကြည်ကိုတွေ့ရ၏ ။

မောင်မောင်ကြည်က ဂျမဒါမင်းထင်ကိုကြည့်၍

““ကြိုက်တယ်မဟုတ်လား ဂျမဒါ၊ ဒီကားကို ခင်ဗျားအမြဲမောင်းရမယ်၊ ဘာတွေလိုသေးလဲ ဂျမဒါ ””

ဟု မေးမြန်းလေ၏ ။ ဂျမဒါမင်းထင်က တုံးတိတိဖြင့်

““သေနတ်တစ်လက်လိုတယ်””

ဟု ပြောလိုက်ရာ မောင်မောင်ကြည်က ခေါင်းညိတ်၍

““ဂျမဒါမင်းထင် ကျောင်းသွားကာနီးရင် သေနတ်ပေးလိုက်ပါ့မယ်၊ သေနတ်နဲ့အတူ ကျည်ဆန်လည်း ပြည့်ပြည့်စုံစုံပေးလိုက်မယ် ””

ဟု ပြောလိုက်၏ ။ ဂျမဒါမင်းထင်က ခေါင်းခါ၍

““ကျုပ် သေနတ်ကို အခုလိုချင်တယ်၊ သေနတ်တစ်လက်ကို ကျုပ် သေသေချာချာမစစ်ဆေးဘဲ ဘယ်တော့မှ အသုံးမပြုဘူး””

ဟု ပြောလိုက်၏။ ပြောရင်း မက်ဆိုပိုတေးမီးယားခ်၌ တပ်သားတစ်ဦး သေနတ်ဂျမ်းဖြစ်ကာ ရန်သူ၏ ပစ်ခတ်မှုကြောင့် အသက်ပါသွားပုံကို ရုတ်တရက်မြင်ယောင်ပြီး စိတ်မသက်မသာ ခံစားလိုက်ရလေ၏။

ဂျမဒါမင်းထင်၏ အမူအရာကိုကြည့်၍ မောင်မောင်ကြည်က မျက်မှောက်ကြုတ်၍

“ဘာဖြစ်လို့လဲ ဂျမဒါ”

ဟု မေးမြန်းလိုက်၏။ ဂျမဒါက မည်သည့်စကားကိုမျှမဆိုဘဲ ခေါင်းကိုသာ ခါယမ်းပြလိုက်၏။

ခဏကြာလျှင် ဂျမဒါမင်းထင်၏ လက်သို့ သေနတ် တစ်ယောက်လာ၏။ သေနတ်မှာ ကျည်ဆန် ခြောက်တောင့် ထည့်ရသော ခြောက်လုံးပြူးသေနတ်ဖြစ်၏။

ဂျမဒါမင်းထင်သည် သူ၏ အိပ်ခန်းသို့ပြန်ကာ သေနတ်ကို စိတ်တိုင်းကျ တိုက်ချွတ်ဆေးကြော လိုက်၏။ သေနတ်ကျည်ဆန်ပေါင်း ငါးဆယ်ကျော်ရရှိသဖြင့် သေချာစွာ သိမ်းဆည်းထားလိုက်၏။

မိမိလက်ထဲသို့ သေနတ်တစ်လက်ရောက်ရှိနေချေပြီ။ ကလေးငယ်ကို ရန်သူများ၏ ရန်မှ ကာကွယ်နိုင်ပေါ့မလား။ မိမိကိုယ်မိမိ ထိုအရည်အချင်းများ ပျောက်ဆုံးကုန်ပြီဟု ထင်နေမိ၏။

ခဏကြာလျှင် ရွှေသွေးဆိုသောကလေးငယ်ကို ကျောင်းသို့ လိုက်လံပို့ဆောင်ပေးရ၏။

ရွှေသွေးသည် ချစ်စရာကောင်းသော ကလေးတစ်ယောက်ဖြစ်သော်လည်း ထိုကလေးနှင့် ဆက်ဆံရန် မဝံ့မရဲဖြစ်နေမိ၏။

မောင်ရွှေသွေးသည် ထိုခေတ် ထိုအခါ လွန်စွာ နာမည်သတင်းကြီးသော စိန်ပေါ်ကျောင်း၌ ကျောင်းတက်၏။

စိန်ပေါ်ကျောင်းသည် ခရစ်ယာန်သာသနာပြုကျောင်းဖြစ်ပြီး ကျောင်းအုပ်ဆရာကြီးမှာ ခရစ်ယာန်ဘုန်းတော်ကြီး ဖြစ်၏။

ကျောင်းကို အုပ်ချုပ်သူမှာလည်း ခရစ်ယာန်ဘုန်ကြီးတော်ကြီးများပင် ဖြစ်၏။

ကိုလိုနီခေတ်က လူကုံထံကလေးများအားလုံး စိန်ပေါ်ကျောင်း၌ ကျောင်းတက်ကြလေ၏။ ဂျမဒါမင်းထင်သည် အော်စတင်ကားကို စိန်ပေါ်ကျောင်းအရှေ့၌ ရပ်တန့်လိုက်၏။

ရွှေသွေးဆိုသော ကလေးငယ်သည် ကားတံခါးကိုဖွင့်၍

“ကျွန်တော်သွားမယ် ဂျမဒါကြီး၊ ညနေကျမှ လာကြိုပေတော့”

ဟု ပြောကာ ကျောင်းဝန်းထဲသို့ ပြေးဝင်သွားလေ၏။

ဂျမဒါမင်းထင်သည် ကားကို ရုတ်တရက် ပြန်ထွက်သေးဘဲ စိန်ပေါ်ကျောင်းပတ်ဝန်းကျင်ကို ကြည့်ရှုစစ်ဆေးလိုက်၏။

ကလေးငယ်၏ လုံခြုံရေးအတွက် မိမိ၌ တာဝန်ရှိသည် မဟုတ်ပါလား။ ဂျမဒါမင်းထင်သည် စိန်ပေါ်ကျောင်းပတ်ဝန်းကျင်ကို သေချာစွာ အကဲခတ်၍ စိတ်ချရသောအခါမှပင် ကားကို မောင်းနှင်ပြီး ထွက်လိုက်လေ၏

ကလေးကျောင်းတက်နေသောအချိန်၌ မိမိ၏ တာဝန် ဝတ္တရားများ ပြီးဆုံးသွားလေ၏။

ထိုကြောင့် ဝင်ဒါမီယာရှိ နေအိမ်သို့ပင် ပြန်ခဲ့၏။

ဝင်ဒါမီယာနေအိမ်သို့ ဂျမဒါမင်းထင် ပြန်ရောက်သောအခါ ဧည့်ခန်းထဲ၌ ပုလိပ်အင်စပက်တော် ဝင်းစိုးဆိုသူ ရောက်ရှိနေလေ၏။

အိမ်ကြီးရှင် စီနီမမက ဂျမဒါမင်းထင်နှင့် အင်စပက်တော် ဝင်စိုးကို မိတ်ဆက်ပေးလေ၏။ အင်စပက်တော် ဝင်းစိုးသည် ဟန်ကြီးပြန်ကြီးနိုင်သော အမူအရာရှိပြီး လေလုံးထွားသူတစ်ဦး ဖြစ်၏။

ဝင်စိုးက

"ပုလိပ်အဖွဲ့မှာတော့ ကျုပ်ရဲ့နာမည်ကို မသိတဲ့သူမရှိပါဘူး၊ ရင်းနှီးတဲ့သူတွေတော့ ချစ်စနိုးနဲ့ အာတီးဝင်းစိုးလို့ ခေါ်ပါတယ်၊ ကျုပ်ရဲ့စုံထောက်ပညာကို စီအိုင်ဒီက စုံထောက်မင်းကြီးက မကြာခဏ ချီးမွမ်းပြီး စကော့တလန်လွှတ်ပြီး ပညာသင်ဖို့ ထောက်ခံ ပေးမယ်လို့ဆိုပါတယ်၊ ကျုပ်ရထားတဲ့ အမှုထမ်းကောင်း လက်မှတ်တွေဟာဆိုရင် ... "

ဟု ဆိုလိုက်ရာ ဂျမဒါမင်းထင်သည် အင်စပက်တော် ဝင်းစိုး၏ ဝံ့ကြွားမှုများကို သည်းမခံနိုင် တော့သဖြင့် ထိုင်ရာမှ ထရပ်လိုက်ပြီး

"ဟေ့လူ ... ခင်ဗျား စကားကို လိုရင်းပြောပါ၊ ကိုယ့်အကြောင်း ကိုယ်ချီးမွမ်းနေရင် ကျုပ်မှာ နားထောင်ဖို့အချိန်မရှိဘူး"

ဟု ဆိုလိုက်ရာ အာတီးဝင်းစိုးသည် ပါးစပ်ပိတ်သွားပြီး ရန်ကုန်မြို့ပေါ် ပြန်ပေးမှုများကို ပြောပြလေ၏။

အာတီးဝင်းစိုးက ရင်ကိုကော့၍

"ရန်ကုန်မြို့ပေါ်က လူကုံထံကလေးတွေကို ပြန်ပေးဆွဲမှုတွေ မကြာခဏ ဖြစ်ပေါ်နေတယ်၊ ပြန်ပေးဆွဲမှုတွေကို ကျူးလွန်တဲ့ သူတွေက သုံးပွင့်ဆိုင်ဂိုဏ်းကလို့ သံသယရှိတယ်"

ဟု ပြောလေ၏။

ဂျမဒါမင်းထင်က မျက်မှောက်ကြုတ်၍

"သုံးပွင့်ဆိုင်ဂိုဏ်းဆိုတာ ဘယ်လိုသဘောလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ အာတီးဝင်းစိုးက စာရွက်များကို တရွက်ပြီးတစ်ရွက်လှန်၍

"သုံးပွင့်ဆိုင်ဂိုဏ်းခေါင်းဆောင်က ဘယ်သူလဲဆိုတာ ကျုပ်တို့ တိတိကျကျ မသိဘူး၊ ပြစ်မှုကျူးလွန်ပြီးရင် သူတို့ဂိုဏ်းနဲ့ ပတ်သတ်တဲ့ အမှတ်အသားအနေနဲ့ ပန်းသုံးပွင့် ချထားလေ့ရှိတယ်၊ သုံးပွင့်ဆိုင်ဂိုဏ်းက ထူးထူးခြားခြားလုပ်ရပ်တွေပြုလုပ်ပြီ ရာဇဝတ်မှု ကျူးလွန်လေ့ရှိတယ်၊ သုံးပွင့်ဆိုင် ဂိုဏ်းကြောင့် လွန်ခဲ့တဲ့လက ဝန်ထောက် ဦးမောင်ကြီးရဲ့ မင်္ဂလာပွဲ ပျက်သွားဖူးတယ်၊ သုံးပွင့်ဆိုင်ဂိုဏ်းက ဦးမောင်ကြီးနဲ့ လက်ထပ်မဲ့ သတို့သမီးကို ဦးမောင်ကြီးရဲ့ နောက်ကြောင်းတွေကို ဖော်ထုတ်ပစ်လိုက်တယ်၊ ဦးမောင်ကြီးဟာ သုံးပွင့်ဆိုင်ဂိုဏ်းကို မယုံကြည်တဲ့အတွက် သူတို့တောင်း တဲ့ပိုက်ဆံကို မပေးခဲ့ဘူး၊ ပန်းကန်ုစက်ပိုင်ရှင် ကုလားသူဌေး မစ္စတာ ဒါဝတ်ရဲ့ သမီးကလေးဟာလည်း သုံးပွင့်ဆိုင်ဂိုဏ်းကတောင်းတဲ့ပိုက်ဆံကို မပေးတဲ့အတွက် အလောင်းကိုသာ ပြန်ရခဲ့တယ်"

ဟု ပြောလေရာ အင်စပက်တော် ဝင်းစိုး၏ စကားကို နားထောင်၍ စိန်မမ၏ မျက်နှာ ပျက်ယွင်းသွားပြီး

"သနားစရာကောင်းလိုက်တာရှင်၊ ကျွန်မတို့သားလေးရွှေသွေးကို ဒီလိုဖြစ်မှာ သိပ်စိုးရိမ်တာပဲ၊ သက်တော်စောင့် ကလေးကို ကောင်းကောင်းစောင့်ရှောက်ပေးပါနော်"

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" ကျုပ်အသက်ရှင်သရွေ့ ကလေးကို မှဲ့တစ်ပေါက် မစွန်းစေရပါဘူး"

ဟု ပြောလိုက်၏။ ထိုအခါ အင်စပက်တော် ဝင်စိုးက မျက်နှာရှုံ့မဲ့၍

"သက်တော်စောင့်ဆိုတဲ့လူတွေက ဒီလိုပဲ ပြောကြတာပဲ ရတနာကုန်သည် ဦးလှရဲ့သမီးကို ပြန်ပေးဆွဲခံရတုန်းကလည်း သက်တော်စောင့်

အသုံးမကျလို့ ခံလိုက်ရတာ ပဲ၊ သက်တော်စောင့် သစ်ပင်ရိပ်မှာ အိပ်ပျော်နေတုန်း ဦးလှရဲ့သမီးလေးကို ပြန်ပေးဆွဲသွားတယ်၊ သက်တော်စောင့်ရဲ့ ဗိုက်မှာတောင် စာကပ်သွားသေးတယ် Thank You တဲ့ ”

ဟု ပြောလိုက်ပြီး ဂျမဒါမင်းထင်၏ မျက်နှာကို မယုံကြည်ဟန်ဖြင့် ကြည့်လိုက်၏ ။

ဂျမဒါမင်းထင်သည် ၄င်းတို့စကားဝိုင်းမှ ကျောခိုင်းပြီး ထွက်ခွာလာခဲ့၏ ။

သူရဲကောင်းတို့၏ အစွမ်းကို စစ်မြေပြင်ရောက်မှ သိရပေမည်။

ဂျမဒါမင်းထင်သည် နောက်တစ်နေ့ မောင်ရွှေးသွေးကို ကျောင်းသို့ပို့ပြီးနောက် အိမ်သို့မပြန်ဘဲ ကန်တော်ကြီးစောင်းရှိ အရိပ်ရသော သစ်ပင်ကြီးတစ်ပင်အောက်၌ ကားကိုရပ်၍ ကျောင်းလွှတ်မည့် အချိန်ကို စောင့်လေ၏ ။

ဂျမဒါမင်းထင်သည် နေ့လယ်စာစားချိန်သို့ရောက်သောအခါ အနီးအနားရှိ ထမင်းဆိုင်များ၌ သွားရောက်စားသောက်ရန် ကြံစည်ထား၏ ။

ထိုသို့ ကန်တော်ကြီးစောင်း၌ သွားရောက်နားနေပြီး ခဏကြာလျှင် ဂျမဒါမင်းထင်ရှိရာသို့ လူမိုက်ဆန်ဆန် လူလေးဦး ရောက်ရှိလာပြီး

“ကျုပ်တို့က ဗိုလ်တစ်ထောင် ငမိုးရဲ့ တပည့်တွေပါ၊ ခင်ဗျားဆီက ပိုက်ဆံနည်းနည်း အလှူခံ ချင်လို့”

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်သည် လူမိုက်များ မိမိကို မိုက်ကြေးခွဲခြင်းဖြစ်ကြောင်း ရိပ်စားမိသွားပြီး

“မင်းတို့အဆင့်လောက်နဲ့ ငါ့ဆီမှာ လာပြီးမိုက်ကြေးမခွဲနဲ့၊ ဗိုလ်တစ်ထောင်ငမိုးကိုယ်တိုင် ငါ့ဆီကိုလာလို့ ပြောလိုက်စမ်း”

ဟု ပြောလိုက်၏ ။

လူမိုက်လေးဦးသည် ဂျမဒါမင်းထင်၏ သတ္တိကြောင့် မကျေမချမ်းဖြစ်သွားပြီး

“လူပါးဝတယ်”

ဟု ပြောဆိုကာ ဂျမဒါမင်းထင်ကို ရိုက်နှက်ရန် ရည်ရွယ်ပြီး ကားပေါ်မှ ဆွဲချလိုက်၏ ။

ဂျမဒါမင်းထင်သည် မိမိကို ကားပေါ်မှဆွဲချရန် ရည်ရွယ်သော လူမိုက်၏ လက်ကို ချုပ်ကိုင်၍ လိမ်ချိုးလိုက်ရာ လူမိုက်ကားအနီး၌ လဲကျသွားလေ၏ ။

ဂျမဒါမင်းထင်က ကားထဲမှထွက်၍

“မင်းတို့ ငါနဲ့ယှဉ်ရင် သိပ်နုသေးတယ်၊ မင်းတို့ကို သနားလို့ မင်းတို့ဆရာကို ခေါ်ခိုင်းလိုက်တာ ကွ၊ ငြိမ်ငြိမ်လေးပြန်သွားရင် ကောင်းမယ်ကွာ”

လူမိုက်များသည် ဂျမဒါမင်းထင်၏ သတ္တိကို ထိတ်လန့်သွားသော်လည်း အရဲစွန့်၍ ဝိုင်းဝန်း ထိုးကြိတ်ကြ၏ ။

“ပြန်ပါတော့ကွာ။ ငါ ဒီထက် သည်းမခံနိုင်တော့ဘူး မင်းတို့ ခြေကျိုး လက်ကျိုး ဖြစ်တော့မယ်”

ဟု ပြောလိုက်ရာ လူမိုက်များသည် ဂျမဒါမင်းထင်၏ အရည်အချင်းကို သဘောပေါက်သားပြီး ထိုနေရာမှ ထွက်ခွဲသွားလေ၏ ။

ဂျမဒါမင်းထင်သည် လူမိုက်များ၏ နောက်ကျောကို ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

“စစ်မြေပြင်ကလွဲပြီး ငါ လူမသတ်ချင်ဘူးကွာ၊ မင်းတို့ဘာလို နှောင့်ယှက်ရတာ ပဲ”

ဟု ညည်းညူလိုက်လေ၏။

ထိုမြင်ကွင်းကို ကန်တော်ကြီး တစ်ဖက်ကမ်းရှိ သစ်ပင်ရိပ်အောက်၌ ရပ်ထားသော ကားပေါ်တွင်ထိုင်၍ မှန်ဘီးလူးဖြင့် ကြည့်နေသူ လူနှစ်ဦးရှိ၏။

တစ်ဦးက မှန်ဘီလူးကို ပြန်ချထားလိုက်ပြီး

“ သူက အရည်အချင်းကို မြင်ပြီမဟုတ်လား၊ သူဟာ မက်ဆိုပိုတေးမီးယားစစ်ပြန် သတ္တိသိပ် ကောင်းတယ်လို့ ကြားဖူးတယ်”

ဟု ပြောလိုက်ရာ ကျန်တစ်ဦးက သက်ပြင်းချ၍

“သူ သူမှာ အရည်အချင်းရှိပါတယ်၊ ဒါပေမဲ့ ထောက်ထားညှာတာစိတ်အားကြီးလွန်းတယ်၊ တကယ်ဆိုရင် ဒီလူတွေကို ထိပ်ပေါက် ခေါင်းကွဲဖြစ်အောင် ဆော်ရမှာ”

ဟု တီးတိုးပြောလိုက်လေ၏။

*